# E.N.C. Ethnic Nationalities Council (Union of Burma)

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)

**P. O. Box - 49, Chiang Mai University, Chiang Mai, 50202, THAILAND**
**Email: <office@encburma.org>, http:// www.encburma.org**


## မြန်မာပြည်သူလူထုလက်တလောဖြစ်ပျက်ခံစားနေရမှုများနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ သဘောထားထုတ်ပြန်ကြေညာချက်

ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး အဆင်ပြေချောမွတ်အောင် ဦးထိပ်ထားစီစဉ်ဆောင်ရွက်ပေးရခြင်းသည် အစိုးရကောင်းတို့၏ တာဝန်ကြီးတစ်ရပ်ဖြစ်ပေသည်။

နအဖစစ်အစိုးရအနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး အဆင်ပြေချောမွတ်အောင် လုပ်ဆောင်ပေးနိုင်ခြင်းမရှိသည့်အပြင်လွဲမှားစွာစီမံခန့်ခွဲအုပ်ချုပ်နေသဖြင့်ပြည်သူလူထုအနေဖြင့် စီးပွားရေး၊ လူမှုရေး အထွေထွေ အခက်အခဲ အကြပ်အတည်းများကို နေ့တစ်ဓူဝ ရင်ဆိုင်ကြုံတွေ့နေရသည်။ ကုန်ဈေးနှုန်းများမှာလည်း အဆမတန်မြင့်မားထိုးတက်လာခဲ့ရရာ စစ်အစိုးရကိုယ်တိုင် ဖြေရှင်းနိုင်ခြင်းမရှိသည့်အပြင် နောက်ဆုံးစစ်အစိုးရအနေဖြင့် ၄င်းကိုယ်တိုင် ချုပ်ကိုင်ထားသည့် လောင်စာဆီဈေးနှုန်းကို အဆ ၅၀၀ အထိ တိုးမြှင့်ခဲ့ရပေသည်။

ပြည်သူလူထုအနေဖြင့် မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် အတိဒုက္ခ၊ လိုလားမှုများကို လွတ်လပ်စွာ၊ ငြိမ်းချမ်းစွာ ထုတ်ဖေါ်ပြသခြင်းသည်ပြည်သူလူထု၏ရပိုင်ခွင့်ဖြစ်သည်။မွေးရာပါအခွင့်အရေးဖြစ်သည်။ သို့ဖြစ်၍ ကျောင်းသားခေါင်းဆောင်များဖြစ်သည့် မင်းကိုနိုင်၊ ကိုကိုကြီးတို့အပါအဝင် မတရားဖမ်းဆီးချုပ်နှောင်ထား ခြင်းခံနေရသူများကို ခြွင်းချက်မရှိ၊ အမြန်ဆုံးပြန်လွှတ်ပေးရန် တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) မှ တောင်းဆို လိုက်သည်။

တိုင်းပြည်တွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေး အဖြေရှာခြင်းသည် အကောင်းဆုံးဖြစ်သဖြင့် ၁၉၉၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ အတိုက်အခံ တိုင်းရင်းသားလူမျိုးစုများ၏ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပြီး နိုင်ငံ၏ ပြဿနာအရပ်ရပ်ကို ဖြေရှင်းရန် တိုင်းရင်းသားလူမျိုးများ ကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) မှ တောင်းဆိုလိုက်သည်။

တိုင်းရင်းသားလူမျိုးများကောင်စီ
(ပြည်ထောင်စုမြန်မာနိုင်ငံ)

ရက်စွဲ။ ။ သက္ကရာဇ် ၂၀၀၇၊ –သဂုတ်လ (၂၆) ရက်။

**Contact Persons:**

(1) Dr. Lian H. Sakhong +46 1826 0395
(2) Saw David Taw +66 (0) 81 306 4351
(3) Mahkaw Hkun Sa +66 (0) 84 366 4238